# UK MYANMAR NETWORK

Unite, Share, Celebrate, Myanmar Community




# Your First Steps in the UK
# Practical tips curated by UKMN

## UK Myanmar Network ကနေ နွေးထွေးစွာ ကြိုဆိုပါတယ်။

UKကို ရောက်လာပြီ UKမှာနေထိုင်ကြပြီဆိုတာက အရမ်းကို စိတ်လှုပ်ရှားစရာကောင်းတဲ့ အတွေ့အကြုံတစ်ခုဖြစ်ပေမဲ့ နေထိုင်နေရာအသစ် ပတ်ဝန်းကျင်အသစ်မှာ အသားကျအောင်နေဖို့ လိုအပ်တဲ့လုပ်စရာရှိတာတွေကို မှန်မှန်ကန်ကန်လုပ်နိုင်ဖို့ကတော့ အတော်လေးစိတ်ရောလူရောပင်ပန်းနိုင်ပါတယ်။ UKMNကနေသေချာရေးသားထားတဲ့ ဒီPractical tips လေးတွေက စတင်နေထိုင်ချိန်မှာ အဆင်ပြေစေဖို့နဲ့ လိုအပ်တဲ့နေရာတွေမှာ လမ်းညွှန်ပေးနိုင်ဖို့ ရည်ရွယ်ထားပေးပါတယ်။

## (1) Healthcare – Register with a GP



UKကို ရောက်ပြီဆိုရင် NHS (National Health Service) လို့ခေါ်တဲ့ Public Healthcare Service ရှိပါတယ်။ နေထိုင်မကောင်းလို့ ဆေးခန်းပြဖို့ လိုအပ်လာရင် သွားနိုင်ဖို့ GP (General Practitioner)ကို ကိုယ်နေတဲ့ နေရာနားမှာ စာရင်းသွင်းထားဖို့ လိုအပ်ပါတယ်။ စာရင်းသွင်းခက အခမဲ့ဖြစ်ပြီး ကျန်းမာရေးအတွက် အရေးကြီးတာဖြစ်လို့ စောစောမှစလုပ်ထားဖို့ လိုအပ်ပါတယ်။

- ◆ NHS ဝက်ဘ်ဆိုက်မှာ Registerလုပ်လို့ရပါတယ် အသေးစိတ်: https://www.nhs.uk/nhs-services/gps/how-to-register-with-a-gp-surgery/
- ◆ အရေးပေါ်အခြေအနေတွေအတွက် **999** ကို ဆက်သွယ်ပါ သို့မဟုတ် ဆေးရုံ A&E သို့ တိုက်ရိုက်သွားရပါမယ်။

## (2) Banking – Open a UK Bank Account



နောက် အရေးကြီးတာ တခုကတော့ UK ဘဏ်အကောင့်ဖွင့်တာပါ။ ကျောင်းသူ/ကျောင်းသား အများစုအသုံးများပြီး ဖွင့်ရလွယ်တဲ့ ဘဏ်တွေကတော့ – Monzo, Revolut, Starling Bank,Lloyds Bank။ လိုအပ်တဲ့ စာရွက်စာတမ်းတွေကတော့ Passport,Proof of Address (Rent Agreement or A letter from University)

## (3) Transport – Buses, Trains, and Railcards





**Bus**

- Busပေါ်တက်ချိန်မှာ Oyster card သို့မဟုတ် contactless bank card နဲ့ Busကားခပေး ရပါတယ်။
- Londonမှာ ကောင်းတာ တခုကတော့ တစ်နာရီအတွင်း ဘယ်လောက်ပဲစီးစီး £1.75 တည်းသာ ပေးရပါတယ်။



**Tube & Underground**

- ရထားတက်ချိန်နဲ့ ဆင်းချိန်မှာ Contactless Card/ Bank Card/ Oyster Card တွေနဲ့ Tap in / Tap out လုပ်ရပါမယ်။
- နံနက် ၉:၃၀ နောက်ပိုင်းစီးရင်တော့ Off-peak ဖြစ်လို့ ဈေးသက်သာပါတယ်။



**Railcard**


- အသက် ၃၀ အောက်ဆိုရင် 16–25 Railcard သို့မဟုတ် 26–30 Railcardလျှောက်ထားရင် ရထားလက်မှတ်တွေကို 30% offနဲ့ ဝယ်လို့ရပါတယ်။
- အသေးစိတ်: https://uk.trip.com/trains/uk/railcard-guide/

## (4) Groceries & Shopping



- Supermarketအကြီးတွေမှာ တပတ်စာ ဈေးဝယ်တာက ပိုသက်သာပြီး အဆင်ပြေပါတယ်။
- Lidl, Aldi – တော်တော်လေး ဈေးချိုပြီး အခြေခံစားစရာဝယ်တာအတွက် အဆင်ပြေပါတယ်။
- Poundland – အိမ်သုံးပစ္စည်းအစရှိတာတွေအတွက်အဆင်ပြေပါတယ်။ ဈေးကလည်း အများစုပစ္စည်း £1 - 3 ဝန်းကျင်လောက်ပါပဲ။

## (5) Housing – Checking Your Room or Flat



ကိုယ်နေရမယ့် အခန်းကို Check inလုပ်ရင်-

- အခန်းထဲမှာ အပျက်အစီး ရှိမရှိ သေချာ စစ်ဆေးပါ။
- ရှိခဲ့ရင် သေချာ Recordယူထားပြီး အမြန်ဆုံး အိမ်ရှင်/ agent ထံ အသိပေးရပါမယ်။
- Rent agreementနဲ့ Deposit recordတွေကိုလည်း သေချာ သိမ်းဆည်းထားပါ။

## (6) University Life – Get Involved



Universityတွေမှာ Orientation week ဆိုတာရှိပါတယ်။ Orientation weekက အစီအစဉ်တွေကို မလွတ်တမ်း သွားနိုင်ရင် အကောင်းဆုံးပါ။ Orientation weekရဲ့ Activitiesတွေကနေ-

- သူငယ်ချင်းသစ်တွေ ရနိုင်တယ်
- Student club တွေကို ဝင်လို့ရမယ်
- တက္ကသိုလ်ပတ်ဝန်းကျင်နဲ့လည်း အရင်းတနှီးပို ရှိလာစေပါတယ်

## (7) Finding Part-Time Jobs




ကျောင်းတက်ရင်း အပိုအသုံးစရိတ်ရအောင် အချိန်ပိုင်း အလုပ်လုပ်ချင်ရင်တော့ အလုပ်ရှာဖို့ အကောင်းဆုံး Platformတွေက-

- Online – Indeed, Reed, University's Career portal
- CV Drop – CV print ထုတ်ပြီး ကိုယ်နေတဲ့နေရာရဲ့ နီးစပ်ရာ café, restaurant, shop တွေမှာ လူကိုယ်တိုင် လျှောက်တာ
- Networking – ကိုယ်ရဲ့ သူငယ်ချင်း အသိတွေကတစ်ဆင့် စုံစမ်းပြီး Referralတွေနဲ့ လျှောက်တာတွေလုပ်လို့ရပါတယ်။

သတိထားရမယ့် အချက်ကတော့ တပတ်မှာ နာရီ၂၀မကျော်ဖို့ပါပဲ။

## (8) Extra Useful Tips




- UK SIM card - Giffgaff, Lycamobile, Lebaraတို့က data plan ကောင်းပြီး ဈေးသက်သာပါတယ်။
- Photo ID / Driving license ကို အမြဲဆောင်ထားပါ။
- UNiDAYS, Student Beans စတဲ့ Student discount appတွေ သုံးပြီး လျှော့ဈေးနဲ့ အသုံးအဆောင်တွေ ဝယ်လို့ရပါတယ်။
- UKMN က ကျင်းပတဲ့ အစီအစဉ်တွေမှာ မြန်မာသူငယ်ချင်း မိတ်ဆွေတွေရဖို့ လာရောက် ပါဝင်ပါ။